25 August 2023

# ရိုဟင်ဂျာများအတွက် တရားမျှတမှု ရစေရန်နှင့် လူမျိုးသုဉ်းသတ်ဖြတ်မှုအတွက် စစ်တပ်၏ ပြစ်ဒဏ်ကင်းလွတ်ခွင့် ရနေမှုကို အဆုံးသတ်ရမည်

*ရိုဟင်ဂျာများ၏ နိုင်ငံသားဖြစ်မှုနှင့် အခွင့်အရေးများ ပြန်လည်ပေးအပ်ပြီး ဒုက္ခသည်များအတွက် ပံ့ပိုးမှုကို ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပါ။*

၂၀၁၇ ခုနှစ်က ဖြစ်ပွားခဲ့သော ရိုဟင်ဂျာလူမျိုးသုဉ်းသတ်ဖြတ်မှု ခြောက်နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ကျူးလွန်ခံရသူများနှင့် အသက်ရှင်ကျန်ရစ်သူများအတွက် တရားမျှတမှုနှင့် တာဝန်ယူတာဝန်ခံမှုတို့ကို ရှာဖွေရာတွင် အရပ်ဘက်လူထုအဖွဲ့အစည်း ၃၅၆ ဖွဲ့တို့က ရိုဟင်ဂျာလူထုနှင့်အတူ ရပ်တည်ကြောင်း မိမိတို့၏ သွေးစည်းညီညွတ်မှုကို ထပ်လောင်းအတည်ပြုသည်။ ထို့အပြင် မြန်မာစစ်တပ်မှ ကျူးလွန်ခဲ့သည့် ကြီးလေးသော ရာဇဝတ်မှုများအပေါ် အပြစ်ပေးအရေးယူခံရခြင်းမှ ကင်းလွတ်ခွင့် ရရှိနေမှုကို အဆုံးသတ်ရန် တောင်းဆိုလိုက်ပြီး ရိုဟင်ဂျာတို့၏ အခွင့်အရေးများနှင့် နိုင်ငံသားဖြစ်မှုကို ချက်ချင်းပြန်လည်ပေးအပ်ရန်လည်း မိမိတို့မှ တောင်းဆိုလိုက်သည်။ ကမ္ဘာသည် ရိုဟင်ဂျာလူထုတို့၏ အတိဒုက္ခကို မမေ့လျော့သင့်ပေ။ အရေးအကြီးဆုံးမှာ နိုင်ငံတကာအသိုင်းအဝိုင်းသည် ရိုဟင်ဂျာလူထုအတွက် ရှိနေသော ၎င်းတို့၏ လူ့အခွင့်အရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တာဝန်ဝတ္တရားများကို တာဝန်ယူ အကောင်အထည်ဖော်ရမည် ဖြစ်သည်။

လွန်ခဲ့သည့် ခြောက်နှစ်က မြန်မာစစ်တပ်သည် နယ်မြေ "ရှင်းလင်းရေးစစ်ဆင်ရေး" များကို ပြုလုပ်ခဲ့ပြီး အစုလိုက်အပြုံလိုက်သတ်ဖြတ်မှု၊ နှိပ်စက်ညှဉ်းပန်းမှု၊ မုဒိမ်းပြုကျင့်မှု၊ ရွာများအား မီးရှို့ဖျက်ဆီးမှုများကို တစ်သုတ်ပြီးတစ်သုတ် ကျူးလွန်ခဲ့သဖြင့် စစ်တပ်၏ ဖိနှိပ်ချုပ်ချယ်မှုများကြောင့် ယခင်ကတည်းကပင် ရိုဟင်ဂျာ နှစ်သိန်းခွဲခန့် ထွက်ပြေးခဲ့ရသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ကလေးများစွာ ပါဝင်သော လူပေါင်း ၇၅၀,၀၀၀ ကျော် ထွက်ပြေးခိုလှုံခဲ့ကြရသည်။ ယနေ့တွင် ရိုဟင်ဂျာ တစ်သန်းနီးပါးသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကော့ဘဇားရှိ ပြည့်ကျပ်နေသော စုတ်ချာသည့် ဒုက္ခသည်စခန်းများတွင် ဒုက္ခရောက်နေကြရပြီး မြန်မာနိုင်ငံသို့ ဂုဏ်သိက္ခာရှိရှိ ပြန်နိုင်ရေး၊ ၎င်းတို့၏ နိုင်ငံသားနှင့် လူ့အခွင့်အရေးများ အပြည့်အဝ ပြန်လည်ရရှိရေး၊ နှင့် တရားမျှတမှု ရရှိရေးတို့ကို စောင့်မျှော်နေလျက် ရှိသည်။

ရိုဟင်ဂျာများအတွက် ရေရှည်တည်တံ့ခိုင်မြဲသော နေရပ်ပြန်ရေး အမှန်တကယ် ဖြစ်လာစေရန်မှာ စစ်တပ်က အပြည့်အဝ ရရှိထားသော အပြစ်ပေးအရေးယူခံရမှုမှ ကင်းလွတ်ခွင့်ကို အဆုံးသတ်ရမည်ဖြစ်ပြီး တာဝန်အရှိဆုံး ပုဂ္ဂိုလ်များအား ရာဇဝတ်ကြောင်း တရားစွဲခြင်းမှတစ်ဆင့် ၎င်းတို့ကျူးလွန်ခဲ့သော ကြီးလေးသည့် ရာဇဝတ်များအတွက် တာဝန်ယူတာဝန်ခံစေရန် လိုအပ်သည်။ သို့ရာတွင် တရားမျှတမှုနှင့် တာဝန်ယူမှုတာဝန်ခံမှုသို့ ဦးတည်သော တိုးတက်မှု အနည်းငယ်ကိုသာ နိုင်ငံတကာအသိုင်းအဝိုင်းက လုပ်ဆောင် နေသည်။ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ၊ ၁ ရက်နေ့ အာဏာသိမ်းရန် ကြိုးပမ်းမှုနောက်ပိုင်းတွင် အထူးသဖြင့် အာဆီယံ အပါအဝင် နိုင်ငံတကာအသိုင်းအဝိုင်း၏ နှုတ်ဆိတ်ငြိမ်နေမှု၊ လျစ်လျူရှုမှုနှင့် အချို့သော ဖြစ်စဉ်များတွင် အရေးယူဆောင်ရွက်ခြင်း လုံးဝမရှိမှုတို့ကြောင့် မြန်မာစစ်ရာဇဝတ်ကောင်များကို

မြန်မာနိုင်ငံတဝန်းရှိ ပြည်သူလူထုအပေါ် ပြစ်ဒဏ်ကင်းလွတ်စွာဖြင့် ရက်စက်ကြမ်းကြုတ်သော ရာဇဝတ်မှုများ ဆက်လက်ကျူးလွန်စေရန် အတင့်ရဲစေသည်။

မြန်မာစစ်တပ်၏ တိုင်းရင်းသားလူနည်းစုများအပေါ် ကျူးလွန်ခဲ့သည့် ဆယ်စုနှစ်ပေါင်းများစွာ စစ်ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများကို အပြစ်ပေးအရေးယူခဲ့ခြင်း မရှိခဲ့သောကြောင့် ရိုဟင်ဂျာများအား လူမျိုးသုဉ်းသတ်ဖြတ်မှု ကျူးလွန်သည်အထိ ဖြစ်ပေါ်စေခဲ့သကဲ့သို့ ရိုဟင်ဂျာများအတွက် ခြောက်နှစ်ကြာ တရားမျှတမှု ကင်းမဲ့ခဲ့ခြင်းကြောင့်လည်း လွန်ခဲ့သော လပေါင်း ၃၀ ကာလအတွင်း အသစ်အသစ်သော ရက်စက်ကြမ်းကြုတ်သည့် ရာဇဝတ်မှုများနှင့် လူပေါင်း ၁.၆ သန်းကို ပြည်တွင်းတွင် အစုလိုက်အပြုံလိုက် ထွက်ပြေးတိမ်းရှောင်ရမှု[1] ဖြစ်စေခဲ့သည်။ တရားမျှတမှုနှင့် တာဝန်ယူတာဝန်ခံမှု အပြည့်အဝ ရှိစေရန် ကမ္ဘာက ဝိုင်းဝန်းဆောင်ရွက်မှု မရှိပါက မြန်မာနိုင်ငံသည် ဘက်ပေါင်းစုံအကျပ်အတည်းနှင့် အကြမ်းဖက်မှု ဟူသည့် ဆိုးရွားသော သံသရာဝဲဂယက်အတွင်း ကျဆင်းလုနီးပါး ဆက်ဖြစ်နေမည် ဖြစ်သည်။

မြန်မာရိုဟင်ဂျာများအသင်းယူကေ (BROUK) မှ တင်သွင်းသည့် ရိုဟင်ဂျာလူမျိုးသုဉ်းသတ်ဖြတ်မှု အတွက် မြန်မာစစ်ခေါင်းဆောင်များအပေါ် တရားစွဲဆိုရန် သမိုင်းဝင် အပြည်ပြည်ဆိုင်ရာ တရားစီရင်ပိုင်ခွင့် အရ လျှောက်ထားသော အမှုကို အာဂျင်တီးနားတရားရုံးရှေ့မှောက်၌ ကြားနာမှု လုပ်ဆောင်ခဲ့သည်ကို မိမိတို့မှ ကြိုဆိုထောက်ခံသည်။ ဤသမိုင်းဝင် တင်သွင်းမှုက ဂျာမနီနှင့် တူရကီတို့တွင် အပြည်ပြည်ဆိုင်ရာ တရားစီရင်ပိုင်ခွင့်အရေး အလားတူကြိုးပမ်းအားထုတ်မှုများကို လမ်းဖွင့်ပေးခဲ့သည်။ ဤစွဲဆိုထားသော အမှုများဆက်သွားနေချိန်တွင် သက်ဆိုင်ရာနိုင်ငံအစိုးရများသည် စစ်အုပ်စု၏ ကြီးလေးသော ရာဇဝတ်မှုများ ကြောင့် နစ်နာခံစားရသူများနှင့် အသက်ရှင်ကျန်ရစ်သူများအတွက် တရားမျှတမှု ရရှိရန်၊ နှင့် ကုစားခြင်းနှင့် ပြန်လည်ပေးလျော်ခြင်း တို့အတွက် အာမခံပေးနိုင်ရန် ဥပဒေပိုင်း၊ ဘဏ္ဍာရေးပိုင်းနှင့် နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးမှုများကို ပေးအပ်ရန် အသင့်ရှိနေရမည်။ အာဂျင်တီးနားနိုင်ငံတွင် တရားစွဲဆိုထားသောအမှုသည် အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ) တွင် ဂမ်ဘီယာမှ မြန်မာနိုင်ငံကို စွဲဆိုထားသောအမှု၊ ရိုဟင်ဂျာများအား ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အတင်းအဓမ္မ ထွက်ပြေးစေမှုအပေါ် အပြည်ပြည်ဆိုင်ရာရာဇဝတ်ခုံရုံး (ICC) မှ စုံစမ်းစစ်ဆေးမှုတို့နှင့်အတူ ဆောင်ရွက်သော်လည်း လွန်ခဲ့သည့် နှစ်နှစ်ကျော်ကာလအတွင်း မြန်မာနိုင်ငံ တလွှားရှိ ရိုဟင်ဂျာများ၊ အခြားတိုင်းရင်းသားမျိုးနွယ်စုများနှင့် ပြည်သူလူထုများအပေါ် ကျူးလွန်ခဲ့သော ရာဇဝတ်မှုများအားလုံးတို့အတွက် အလုံးစုံတရားစွဲဆိုရန် မဖြစ်နိုင်သေးပေ။ နိုင်ငံတကာအသိုင်းအဝိုင်းများ အနေဖြင့် တရားမျှတမှုနှင့် တာဝန်ယူတာဝန်ခံမှု ရရှိရန် မြန်မာနိုင်ငံ၏အခြေအနေကို ကုလသမဂ္ဂလုံခြုံရေး ကောင်စီသို့ လွှဲပြောင်းခြင်း သို့မဟုတ် မြန်မာနိုင်ငံဆိုင်ရာ အထူးခုံရုံး ဖွဲ့စည်းတည်ထောင်ခြင်း ကဲ့သို့သော ခိုင်မာသည့် အရေးယူဆောင်ရွက်မှုများ လုပ်ဆောင်ရမည်။

---

[1] ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုရေးရာ ညှိနှိုင်းရေးရုံး (OCHA) မှ အစီရင်ခံထားသည့် နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်ရသူများ၏ ကိန်းဂဏန်းမှာ လျှော့ပေါ့ဖော်ပြထားချက်သာဖြစ်သည်။ လူသားချင်းစာနာမှု အကူအညီများကို မြေပြင်တွင် တိုက်ရိုက်ပေးနေသော ဒေသခံအဖွဲ့အစည်းများ၏ အစီရင်ခံထားသည့် ကိန်းဂဏန်းများသည် OCHA မှ အစီရင်ခံထားသည့် ကိန်းဂဏန်းများထက် ခန့်မှန်းခြေများစွာမြင့်မားနေသည်ကို တွေ့ရှိရပါသည်။

၂၀၁၇ ခုနှစ် ရိုဟင်ဂျာများအပေါ် ကျူးလွန်ခဲ့သော ရာဇဝတ်မှုများနှင့် အလားသဏ္ဍာန်တူသော စစ်ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သော ရာဇဝတ်မှုများကို စစ်တပ်မှ နိုင်ငံအနှံ့အပြားတွင် ထပ်ဖန်တလဲလဲ ကျူးလွန်နေချိန်တွင် ၎င်းသည် ၂၀၂၃ ခုနှစ်အကုန်တွင် ရိုဟင်ဂျာ ၇,၀၀၀ ကို မြန်မာနိုင်ငံရှိ လူသတ်ကွင်းများသို့ နေရပ်ပြန်လည်ပို့ဆောင်မည့် "စမ်းသပ်စီမံကိန်း" တစ်ခုကို စတင်ခဲ့သည်။ ဘင်္ဂလားဒေ့ရှ်နှင့် တရုတ်နိုင်ငံတို့က လုပ်ဆောင်ခဲ့သည့်အတိုင်း တရားဝင်မှုရရှိရေးအတွက် မြန်မာစစ်အုပ်စု၏ အပြင်းအထန် ကြိုးပမ်းမှုများကို နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် လက်ခုပ်သြဘာပေးခြင်း သို့မဟုတ် အဆင်ပြေချောမွေ့စေရန် ကူညီလုပ်ဆောင်ပေးခြင်းတို့ မပြုရပေ။ စီမံကိန်း၏ ပထမတစ်သုတ်အဖြစ် မြန်မာနိုင်ငံသို့ "နေရပ်ပြန်ပို့ခဲ့သော" ရိုဟင်ဂျာများသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ စုတ်ချာသည့် ဒုက္ခသည် စခန်းများမှ ရခိုင်ပြည်နယ်အတွင်းရှိ အမိုးဖွင့်ထောင်ကဲ့သို့ ခိုင်းနှိုင်းကြသော ပြည်တွင်းဒုက္ခသည်စခန်းများသို့ ရွှေ့ထားရုံမျှသာ ဖြစ်သည်။ မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးကိုယ်စားလှယ် Tom Andrews က မကြာသေးမီက ထုတ်ဖော်ပြောကြားခဲ့သည့်အတိုင်း "မြန်မာနိုင်ငံအတွင်း အခြေအနေ များသည် ရိုဟင်ဂျာဒုက္ခသည်များအတွက် ဘေးကင်းလုံခြုံသော၊ ဂုဏ်သိက္ခာရှိသော၊ ရေရှည်တည်တံ့သော ၎င်းတို့၏သဘောဆန္ဒဖြင့် နေရပ်ပြန်နိုင်သည့်အခြေအနေ လုံးဝမရှိပေ။"

မြန်မာနိုင်ငံရှိ ရိုဟင်ဂျာများသည် လူမျိုးသုဉ်းသတ်ဖြတ်ရေး မူဝါဒများကို ဆက်လက်ရင်ဆိုင်ခံစား နေကြရပြီး နိုင်ငံသားဖြစ်ခွင့်မှ ငြင်းပယ်ခံရမှု၊ သွားလာလှုပ်ရှားခြင်း၊ ပညာရေးနှင့် ကျန်းမာရေး စောင့်ရှောက်မှုအပေါ် အလွန်အမင်း ကန့်သတ်ချုပ်ချယ်မှုများသာမက အသက်မွေးဝမ်းကျောင်းပြုရေး အတွက် အခွင့်အလမ်း မရှိသော၊ အသားအရောင်ခွဲခြားမှုနှင့်ဆင်တူသည့် ဝန်းကျင်များတွင် နေထိုင်နေကြ ရသဖြင့် နေရပ်ပြန်ရန် အလားအလာများမှာ တွေးကြည့်၍ပင် မရနိုင်ချေ။ အာဏာသိမ်းရန် ကြိုးပမ်းမှု နောက်ပိုင်းတွင် အခြေခံလွတ်လပ်ခွင့် နှင့် အခွင့်အရေးများအပေါ် အကြမ်းဖက်စစ်အုပ်စု၏ ကန့်သတ်မှုများ ပိုမိုပြင်းထန်လာသည်နှင့်အမျှ ရိုဟင်ဂျာပြည်သူများမှာ အမြဲတစေ ခွဲခြားဆက်ဆံခံရခြင်း၊ ဖိနှိပ်ခံရခြင်းနှင့် လူမဆန်စွာ ဆက်ဆံခံရခြင်း တို့ကို နေ့စဉ်နှင့်အမျှ ရင်ဆိုင်နေရသည်။ မေလတွင် တိုက်ခတ်ခဲ့သည့် မိုခါဆိုင်ကလုန်းမုန်တိုင်းကြောင့် ထိခိုက်နစ်နာလွယ် ရိုဟင်ဂျာလူထု ၁၄၀,၀၀၀ တို့နေထိုင်သော ရခိုင်ပြည်နယ်ရှိ ရေလွှမ်းမိုးမှု ခံရရန် အလားအလာများသည့် ထိန်းသိမ်းရေးစခန်းများသည် အခြေအနေ ပိုမိုဆိုးရွားခဲ့ရပြီး ပျက်စီးဆုံးရှုံးမှုများ ဖြင့် မရှိမဖြစ် လူသားချင်းစာနာမှု အထောက်အပံ့များကို လိုအပ်နေချိန်တွင် စစ်အုပ်စုသည် အကူအညီများကို ပိတ်ဆို့ခြင်း၊ အကူအညီပေးရန် ကြိုးပမ်းမှုများအပေါ် ရာဇဝတ်ကြောင်းအရအရေးယူခြင်းနှင့် သေဆုံးသူ အရေအတွက်များကို မှုပ်ရှုပ်အောင်လုပ်ခြင်းတို့ဖြင့် ရိုဟင်ဂျာများကို အစုလိုက်အပြုံလိုက် သတ်ဖြတ်ခြင်းနှင့် ဝေတ်မွတ်စေခြင်းတို့ကို နောက်တကျော့ တမင်သက်သက် လုပ်ဆောင်ခဲ့သည်။ စင်စစ်အားဖြင့် စစ်အုပ်စု၏ နည်းဗျူဟာများသည် ရိုဟင်ဂျာများကို "မသေသေအောင် ဒုက္ခပေးပြီး သတ်နေခြင်း" ဖြစ်စေရန် ရည်ရွယ်ထားပြီး အပြည်ပြည် ဆိုင်ရာတရားရုံးမှ အမိန့်ချထားသော သက်သေအထောက်အထားများကို ထိန်းသိမ်းရန်နှင့် ရိုဟင်ဂျာများကို လူမျိုးသုဉ်းသတ်ဖြတ်မှုမှ အကာအကွယ်ပေးရန် စသော ယာယီအစီအမံများကို စစ်အုပ်စုသည် ဆက်လက် ချိုးဖောက်နေသည်။

UN ၏ ရိုဟင်ဂျာလူသားချင်းစာနာမှု ပူးတွဲတုံ့ပြန်မှုအစီအစဉ် ဘတ်ဂျက်အတွက် လုံလောက်သော ရန်ပုံငွေ မရှိခြင်း၏ အကျိုးဆက်ရလဒ်အဖြစ် ဘင်္ဂလားဒေ့ရှ်ရှိ ဒုက္ခသည်စခန်းများတွင် ရိက္ခာဝေမှုကို တစ်လလျှင် တစ်ဦးကို အမေရိကန် ဒေါ်လာ ၈ ဒေါ်လာ - တစ်ရက်လျှင် အမေရိကန် ဒေါ်လာ ၂၇ ပြားခန့် - အထိ လျှော့ချခြင်းလိုက်သဖြင့် ရိုဟင်ဂျာဒုက္ခသည်များမှာ အသက်ရှင်သန်ရေးအတွက် ရုန်းကန်နေကြရသည်။ စားနပ်ရိက္ခာဖြတ်တောက်မှုများသည် ကျပ်တည်းခက်ခဲသော အချိန်များတွင် နှိပ်စက်ညှဉ်းပန်းမှုများနှင့် အကြမ်းဖက်မှုများကို အဓိကခံစားရလေ့ရှိသော အမျိုးသမီးများနှင့် မိန်းကလေး ငယ်များ၏ ဘေးကင်းမှုနှင့် လုံခြုံရေးကိုပါ ထိခိုက်ပျက်စီးစေနိုင်သည်။ ဤပြဿနာများကို ပိုမိုဆိုးရွား စေသော ကိစ္စရပ်များမှာ ဒုက္ခသည်များကို ရာဇဝတ်မှုများ၊ မီးရှို့မှုများနှင့် မူးယစ်ဆေးဝါးရောင်းဝယ်မှုများ လုပ်ဆောင်ရန် တွန်းပို့နေသည်မှာ ပျက်စီးယိုယွင်းလာနေသည့် ဒုက္ခသည်စခန်း၏ အခြေအနေများပင် ဖြစ်သည်။ ထို့အပြင် ရိက္ခာဖြတ်တောက်မှုများက ဒုက္ခသည်များကို လူကုန်ကူးမှုနှင့် စစ်အုပ်စုမှ စီစဉ်ထားသော နေရပ်ပြန်ပို့ရေး စီမံကိန်းတို့အတွင်းသို့ သားကောင်အဖြစ် အတင်းအဓမ္မ ကျရောက်စေသည်။ ထိုမျှမက ရိုဟင်ဂျာ ၃,၅၀၀ ကျော်သည် ၂၀၂၂ ခုနှစ်အတွင်းတွင် ပိုမိုကောင်းမွန်သော အခွင့်အလမ်းများ ရှာဖွေရန်အတွက် အန္တရာယ်များလှသော ပင်လယ်ခရီးများကို သွားရန် အကျပ်ကိုင်ခံရသကဲ့သို့ဖြစ်နေပြီး ပင်လယ်ပြင်တွင် ပျောက်ဆုံးသော ရိုဟင်ဂျာဒုက္ခသည်၏ သတင်းများလည်း ဆက်လက်ထွက်ပေါ်လျက်ရှိသည်။ လက်ရှိမုတ်သုန်ရာသီက ဒုက္ခသည်စခန်းများ၏ အခြေအနေများကို ပိုမိုဆိုးရွားလာစေမည်ဟု ခန့်မှန်းထားသည်။

ငတ်မွတ်ခေါင်းပါးမှု၊ အာဟာရချို့တဲ့မှုနှင့် အသက်ဆုံးရှုံးမှုများကို နောက်ထပ်မဖြစ်ရေး ကာကွယ်တားဆီးရန် နိုင်ငံတကာ အသိုင်းအဝိုင်းများအကြား ပူးပေါင်းညှိနှိုင်းထားသော အရေးယူဆောင်ရွက်မှုများ ချက်ချင်းလုပ်ဆောင်ရန် လိုအပ်နေသည်။ ဘင်္ဂလားဒေ့ရှ်အစိုးရနှင့် သက်ဆိုင်ရာအေဂျင်စီများအနေဖြင့် ရိုဟင်ဂျာတို့၏ ကိုယ့်အားကိုယ်ကိုးနိုင်မှုနှင့် ဂုဏ်သိက္ခာရှိကြောင်း သိရှိခံစားရမှုအတွက် ရိုဟင်ဂျာဒုက္ခသည်များအား ပညာရေးနှင့် အသက်မွေးဝမ်းကျောင်း စွမ်းရည်များနှင့် အခွင့်အလမ်းများ ရရှိရေး ဖန်တီးပေးရမည်။

ရိုဟင်ဂျာများကို တိုင်းရင်းသား လူမျိုးစုများထဲမှ တစ်ခုအဖြစ်လည်းကောင်း၊ မြန်မာ့လူ့အဖွဲ့အစည်းအတွက် အရေးပါသော အစိတ်အပိုင်းတစ်ခုအဖြစ်လည်းကောင်း၊ နိုင်ငံတော်၏ ဖက်ဒရယ်ဒီမိုကရေစီ အနာဂတ်အတွက် သီးခြားခွဲထုတ်၍မရသော အပိုင်းတစ်ခုအဖြစ်လည်းကောင်း ရိုဟင်ဂျာများကို အသိအမှတ်ပြုရန် ခိုင်မာသော ဆောင်ရွက်ချက်များ လုပ်ဆောင်ခြင်းအားဖြင့် ရိုဟင်ဂျာလူထု၏ နွေဦးတော်လှန်ရေးနှင့်အတူ သွေးစည်းညီညွတ်မှုကို ပွဲတင်ထပ်ရန်အလို့ငှာ မြန်မာနိုင်ငံ၏ တရားဝင် ခိုင်မာသော အစိုးရဖြစ်သည့် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ၏ အခန်းကဏ္ဍသည် အလွန်ပင် အရေးကြီးကြောင်းကို စစ်အုပ်စုက ရိုဟင်ဂျာများအပေါ် ဆက်လက်ကျူးလွန်နေသော ဆိုးရွားပြင်းထန်သည့် ရာဇဝတ်မှုများက မီးမောင်းထိုးပြနေသည်။ လက်တွေ့ဖော်ဆောင်ရန် လိုအပ်နေသေးသော ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေကို ဥပဒေအသစ်ဖြင့် အစားထိုးရန် ချမှတ်ခဲ့သည့် NUG၏ ဆုံးဖြတ်ချက် အပါအဝင် ၎င်း၏ မူဝါဒနှင့်အညီ အရေးကြီးသော ခြေလှမ်းများကို မိမိတို့မှ အသိအမှတ်ပြုသည့် တစ်ပြိုင်တည်းတွင် NUG အား ရိုဟင်ဂျာများ၏ နိုင်ငံသားဖြစ်မှုနှင့် အခွင့်အရေးများ အပြည့်အဝ ပြန်လည်ပေးအပ်ရန်ကို မိမိတို့မှ ထပ်လောင်းတောင်းဆိုလိုက်သည်။ ထို့အပြင် ရိုဟင်ဂျာလူထုနှင့် စစ်မှန်ပြီး အဓိပ္ပာယ်ရှိသော

ထိတွေ့ဆက်ဆံရေးနှင့် အားလုံးပါဝင်မှုရှိသော ဖက်ဒရယ်ဒီမိုကရေစီတစ်ရပ် တည်ထောင်ရေးသို့ ဦးတည်သော နွေဦးတော်လှန်ရေး၏ နိုင်ငံရေးဖြစ်စဉ်များတွင် ရိုဟင်ဂျာများမှ တက်ကြွစွာ ပါဝင်ဆောင်ရွက်နိုင်ရေး တို့အတွက် သေချာစေရန် ခိုင်မာသော လုပ်ဆောင်ချက်များကိုလည်း ချမှတ်ဆောင်ရွက်ရမည်။ လူမျိုးသုဉ်းသတ်ဖြတ်မှု၏ ယန္တရားများ၊ နိုင်ငံသားစီစစ်ရေးလုပ်ငန်းစဉ်နှင့် အမျိုးဘာသာကာကွယ်စောင့်ရေးဥပဒေများကို ဖျက်သိမ်းရန် ပြောဆိုထားသည့် လူ့အခွင့်အရေး ဝန်ကြီးဌာန၏ ကတိကဝတ်ကိုလည်း မိမိတို့မှ ဆက်လက်စောင့်ကြည့်နေမည် ဖြစ်သည်။ တစ်ချိန်တည်းတွင် NUG အစိုးရသည် နိုင်ငံတကာအသိုင်းအဝိုင်းမှ ရိုဟင်ဂျာဒုက္ခသည်များအတွက် ရွှေ့ပြောင်းနေရာချထားမှုများ လုပ်ဆောင်ပေးရန် စည်းရုံးလှုံ့ဆော်ခြင်းအားဖြင့် ထိုဒုက္ခသည်များ၏ ဘေးကင်းလုံခြုံမှုကို အာမခံနိုင်ရန် ဆောင်ရွက်ရမည်။ ထို့အပြင် NUG အစိုးရသည် စစ်အုပ်စု၏ နေရပ်ပြန်ပို့ရေး စီမံကိန်းကို ချက်ချင်းရပ်တန့်ရန်အတွက် ဘင်္ဂလားဒေ့ရှ်အစိုးရနှင့် သက်ဆိုင်ရာ အေဂျင်စီများအား တောင်းဆိုရမည်။

## ပိုမိုသိရှိလိုပါက ဆက်သွယ်ရန်

- ထွန်းခင်၊ မြန်မာရိုဟင်ဂျာများအသင်း ယူကေ၊ tunkhin80@gmail.com
- Razia Sultana၊ RW Welfare Society၊ rowwsbd@gmail.com
- နော်တာမလာစော၊ ကရင်အမျိုးသမီးအစည်းအရုံး၊ kwocentral@gmail.com
- ခင်ဉမ္မာ၊ ရှေ့ပြေးအသံအဖွဲ့၊ info@progressive-voice.org

ဤထုတ်ပြန်ကြေညာချက်ကို အမည်မဖော်လိုသော အဖွဲ့အစည်း ၂၃၃ ဖွဲ့ အပါအဝင် အဖွဲ့အစည်းစုစုပေါင်း ၃၅၆ ဖွဲ့တို့က လက်မှတ်ရေးထိုးထားသည်။

1. #MilkTeaAlliance Friends of Myanmar
2. 8888 Generation (New Zealand)
3. Action Against Myanmar Military Coup
4. Action Committee for Democracy Development (Coalition of 14 grassroots networks)
5. All Arakan Youth Organization
6. All Burma Democratic Front in New Zealand
7. ALTSEAN-Burma
8. Arakan CSO Network
9. ASEAN Parliamentarians for Human Rights (APHR)
10. Association of Human Rights Defenders and Promoters
11. Association Suisse - Birmanie
12. Associazione per l'Amicizia Italia Birmania "Giuseppe Malpeli"
13. Athan - Freedom of Expression Activist Organization
14. Auckland Kachin Community NZ
15. Auckland Zomi Community

16. Aung San Suu Kyi Park Norway
17. Better Burma
18. Blood Money Campaign
19. Burma Action Ireland
20. Burma Campaign UK
21. Burma Civil War Museum (BCM)
22. Burmese Canadian Network
23. Burmese Community Group (Manawatu, NZ)
24. Burmese Rohingya Welfare Organisation New Zealand
25. Burmese Women’s Union
26. Campaign for a New Myanmar
27. Chin Community in Norway
28. Chin Community of Auckland
29. Chin Human Rights Organization
30. Creative Home
31. CRPH Support Group, Norway
32. CRPH, NUG Support Team Germany-Deutschland
33. Democracy, Peace and Women’s Organization
34. Democratic Party for a New Society, Norway
35. Doh Atu - Ensemble pour le Myanmar (France)
36. Educational Initiatives Prague
37. Equality Myanmar
38. Federal Myanmar Benevolence Group (NZ)
39. Free Burma Campaign (South Africa) (FBC(SA))
40. Free Rohingya Coalition
41. Freedom and Labor Action Group
42. Future Light Center
43. Future Thanlwin
44. General Strike Committee
45. Global Myanmar Spring Revolution
46. Global Myanmar Spring Revolution (Japan)
47. Global Myanmar Spring Revolution (Korea )
48. Generation Wave
49. Human Rights Educators Network

50. Human Rights Foundation of Monland
51. Info Birmanie
52. Initiatives for International Dialogue
53. Institute for Asian Democracy
54. International Association, Myanmar-Switzerland (IAMS)
55. International Campaign for the Rohingya
56. Justice 4 Rohingya UK
57. Justice For Myanmar
58. Kachin Association Norway
59. Karen Human Rights Group
60. Karen Peace Support Network (KPSN)
61. Karen Women's Organization
62. Karenni Association - Norway
63. Karenni Civil Society Network
64. Karenni Society New Zealand
65. K'cho Ethnic Association
66. Keng Tung Youth
67. Kyauktada Strike Committee
68. Metta Campaign Mandalay
69. Muslim Youth Network
70. Myanmar anti-military coup movement in New Zealand
71. Myanmar Campaign Network
72. Myanmar Catholic Community In Norway
73. Myanmar Community Group Christchurch New Zealand
74. Myanmar Community Group Dunedin New Zealand
75. Myanmar Community in Norway
76. Myanmar Cultural Research Society (MCRS)
77. Myanmar Diaspora Group Finland
78. Myanmar Engineers - New Zealand
79. Myanmar Gonye (New Zealand)
80. Myanmar Hindu Community - Norway
81. Myanmar People Alliance (Shan State)
82. Myanmar Refugee Policy Group
83. Myanmar Students' Union in New Zealand

84. Nelson Myanmar Community Group New Zealand
85. Network for Human Rights Documentation Burma (ND-Burma)
86. New Zealand Doctors for NUG
87. New Zealand Karen Association
88. New Zealand Zo Community Inc.
89. NLD Organization Committee (International) Norway
90. No Business With Genocide
91. Norway Falam Community
92. Norway Matu Community
93. Norway Rvwang Community
94. Nway Oo Guru Lay Myar
95. Olive Organization
96. Overseas Mon Association, New Zealand
97. Padauk Finland-Myanmar Association
98. Progressive Voice
99. Pyithu Gonye (New Zealand)
100. Rights for Women Welfare Society (RW Welfare Society)
101. Rohingya Community in Norway
102. Rohingya Action Ireland (RAI)
103. Rvwang Community Association New Zealand
104. Save and Care Organization for Women at Border Areas
105. Save Myanmar Fundraising Group (New Zealand)
106. Shan Community (New Zealand)
107. Shan MATA
108. Sitt Nyein Pann Foundation
109. Southern Dragon Myanmar
110. Southern Youth Development Organization
111. Synergy - Social Harmony Organization
112. Ta'ang Women's Organization (TWO)
113. Ta'ang Legal Aid
114. Tanintharyi MATA
115. The European Rohingya Council (ERC)
116. Volunteers in Myanmar
117. Women Activists Myanmar

118. Women’s League of Burma (WLB)
119. Youth for Democratization of Myanmar (UDM)
120. Youth Heart Beams
121. Zomi Christian Fellowship of Norway
122. Zomi Community Norway
123. မျိုးဆက် - Generations

**Individual in solidarity:**

Ronan Lee, Professor, Loughborough University